# စစ်အာဏာသိမ်းမှု ကာလအတွင်း

## ရခိုင်နှင့် ချင်းပြည်နယ် ပလက်ဝဒေသ၏ လက်ရှိမြေပြင်အခြေအနေနှင့် သဘောထားအမြင်များ



NYAN
CORRIDOR

# မာတိကာ


**၁။ သုတေသန နောက်ခံအကြောင်း** ၃

(က) သုတေသန ရည်ရွယ်ချက် ၃

(ခ) သုတေသနနည်းနာ ၃

(ဂ) သုတေသနအကန့်အသတ်များ ၄

**၂။ အဓိကလေ့လာတွေ့ရှိချက်များ** ၅

၂.၁။ စစ်အာဏာသိမ်းမှုပေါ် ပြည်သူလူထု၏ အမြင်သဘောထားများ ၅

(က) စစ်အာဏာသိမ်းမှုကိုလူမျိုးစုငယ်များ၏အမြင် ၆

(ခ) စစ်အာဏာသိမ်းမှုအပေါ် ကြားနေဝါဒကိုကျင့်သုံးနေလား ၇

၂.၂။ စစ်အာဏာသိမ်းပြီး နေ့စဉ်ဘဝဖြတ်သန်းမှုအခြေအနေ ၇

(က) ရခိုင်ပြည်သူများ၏လုံခြုံရေး ၇

(ခ) ရခိုင်ပြည်နယ်နှင့် ပလက်ဝဒေသ စားဝတ်နေရေးအခက်အခဲ ၈

(ဂ) အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု ( CDM) နှင့် လမ်းပေါ်ထွက်လူထုလှုပ်ရှားဆန္ဒပြမှု ၉

(ဃ) အကြမ်းမဖက်လှုပ်ရှားဆန္ဒပြမှုများကို ဟန့်တားနှိပ်ကွက်ခြင်း ၉

၂.၃။ ANP ပါတီ၏ဆုံးဖြတ်ချက်အပေါ် လူထု၏အမြင်သဘောထားများ ၁၀

၂.၄။ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် AA အပေါ် လူထု၏အမြင် ၁၁

**၃။ အနာဂတ်ဒီမိုကရေစီမျှော်မှန်းချက်** ၁၂

**၄။ နိဂုံးချုပ်** ၁၃

# ၁ ။သုတေသန နောက်ခံအကြောင်း

မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့ ၂၀၂၁ ခုနှစ်တွင် စစ်တပ်က **၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများရှိသည်ဆိုသည့်** စွပ်စွဲချက်ဖြင့် အာဏာသိမ်းလိုက်သဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်မှာ လုံးဝနောက်ပြန်လှည့်သွားခဲ့သည်။ စစ်တပ်ကအာဏာသိမ်းမှုပေါ် စစ်အာဏာရှင်ကိုဆန့်ကျင်သည့် ဆန္ဒပြမှုများလည်း နိုင်ငံတစ်ဝန်းတွင် နည်းမျိုးစုံဖြင့် တွေ့မြင်ရသည်။ ဥပမာအားဖြင့် ည (၈) နာရီတိုင်းတွင် အိမ်တိုင်းလိုလို သံပုံးသံခွက်တီးခြင်းနှင့် ကားဟွန်းတီးပြီး စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ခြင်းကြသည်။ မြန်မာလူမျိုးများတွင် ထိုသို့သံပုံးသံခွက်များတီးပြီး မကောင်းဆိုးဝါးနှင်ထုတ်သည့် ဓလေ့များလည်းရှိပြီး ယခုအာဏာသိမ်း စစ်အာဏာရှင်များအား မကောင်းဆိုးဝါးဟုမှတ်ယူပြီး မောင်းထုတ်ကြသည့် သဘောလည်း တစ်နည်းအားဖြင့် သက်ရောက်သည်။ တပြိုင်နက်ထဲမှာပင် နေ့ခင်းဖက်တွင်လည်း သိန်းနှင့်ချီသော ပြည်သူလူထုသည် ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ အကြမ်းမဖက်သည့်နည်းဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုဆန္ဒဖော်ထုတ်မှုများပြုလုပ်လျက်ရှိပြီး အာဏာသိမ်းစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့မှ လက်နက်အင်အားသုံးပြီး အကြမ်းဖက်ဖြိုခွင်းလျက်ရှိသည်။ ထို့အပြင် စစ်အာဏာသိမ်းသည့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်ထွေးသည် ရာထူးမှနုတ်ထွက်သွားခဲ့ပြီး နောက်ပိုင်းတွင် ဆရာဝန်များကဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများလည်း **အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု (Civil Disobedient Movement- CDM)** စတင်လုပ်လာခဲ့ရာ တစ်နိုင်ငံလုံးရှိ ဌာနဆိုင်ရာဝန်ထမ်းများသည် CDM လှုပ်ရှားမှုတွင် တစတစ ပါဝင်လာခဲ့သည်။ သို့သော်ငြားလည်း တစ်နိုင်ငံလုံး CDM နှင့် ဆန္ဒဖော်ထုတ်မှုများ အရှိန်အဟုန်ဖြင့်လုပ်နေချိန်တွင် ရခိုင်ပြည်နယ်တစ်ခုလုံးနီးပါးသည် မည်သည့်စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင်မှ မပါဝင်ဘဲ တိတ်ဆိတ်နေခဲ့သဖြင့် ရခိုင်လူထုအပေါ် ဝေဖန်မှုများလည်း လူမှုကွန်ယက်တွင် ရှိလာခဲ့သည်။ တစ်ချိန်တည်းမှာ တပ်မတော်ကအာဏာသိမ်းပြီး တစ်နိုင်ငံလုံး အင်တာနက်လိုင်းဖြတ်တောက်လိုက်သည့်အချိန်တွင် ရခိုင်ပြည်နယ်တွင် 4 G အင်တာနက်ဖွင့်ပေးလိုက်သည်ဆိုသည့် သတင်းမှာ လူမှုကွန်ယက်မှ တစ်ဆင့် ပျံ့နှံ့လာခဲ့သည်။ အလားတူ ရခိုင့်တပ်မတော် (AA) သည် တပ်မတော်နှင့် တွေ့ဆုံညှိနှိုင်းမှုများရှိနေပြီး တပ်မတော်နှင့်ပေါင်းသွားသည့်ပုံစံရှိသည်ဆိုသော သတင်းများကလည်း ထွက်ပေါ်လာခဲ့ပြီး ရခိုင်အမျိုးသားပါတီ (ANP) သည် စစ်ကောင်စီ၏ကမ်းလှမ်းမှုကို လက်ခံလိုက်သည့် အပေါ်တွင်လည်း ဝေဖန်မှုများနှင့် အပြစ်တင်ရှုတ်ချမှုများလည်း ရှိလာခဲ့သည်။

## (က) သုတေသနရည်ရွယ်ချက်

ရခိုင်ပြည်နယ်နှင့် ပလက်ဝဒေရှိတွင် စစ်အာဏာသိမ်းမှုနှင့် အာဏာသိမ်းမှုကြောင့်ဖြစ်ပေါ်လာသော ကြီးမားသည့် နိုင်ငံရေးအပြောင်းအလဲအပေါ် ရခိုင်ပြည်သူလူထုနှင့် ပလက်ဝဒေသရှိ ချင်းပြည်သူလူထု၏ သဘောထားအမြင်များနှင့် မြေပြင်တွင် နေ့စဉ်ကြုံတွေ့ခံစားနေရသော အတွေ့ကြုံများ၊ အခက်ခဲများနှင့် ဘဝလုံခြုံရေး အခြေအနေများ မည်သို့ရှိသည်ကို အတွင်းကျကျ နားလည်သိရှိနိုင်ရန်အတွက် ဤသုတေသနကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် သုဒေသနတွေ့ရှိချက်များအား မြန်မာပြည်သူတစ်ရပ်လုံးအား တင်ပြနိုင်ရန်ရည်ရွယ်ပါသည်။

## (ခ) သုတေသနနည်းနာ

ဤသုတေသနကို အရည်အသွေးအခြေပြု သုတေသနနည်းနာ( Qualitative Research Method) ဖြင့် ပြုလုပ်ခဲ့ပြီး လက်ရှိနိုင်ငံရေးအခြေအနေအရ လူတွေ့မေးမြန်းရန် အဆင်မပြေသည့်အတွက် ဖုန်းအင်တာဗျူးကိုသာ အသုံးပြုခဲ့သည်။ ပါဝင်ဆွေးနွေးသူများကို ရွေးချယ်ရာတွင် ယခုသုတေသနပြုသူများ၏ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝဒေသတွင် ယခင်ကပြုလုပ်ခဲ့သော သုတေသနများအတွင်း ပါဝင်ဖြေဆိုသူများကို ပြန်လည်ဆက်သွယ်၍ မေးမြန်းခဲ့ပါသည်။ စသည့်လေ့လာမှုများပြုလုပ်စဉ်က အဆက်အသွယ်ရှိထားပြီးသူများနှင့် ပြန်လည်ဆက်သွယ်

မေးမြန်းခဲ့သည်။ ၎င်းတို့အထဲတွင် ဒေသ၏ အကြောင်းအရာများကို ခြုံငုံသုံးသပ်ပြောဆိုနိုင်သည့် ပုဂ္ဂိုလ်များဖြစ်သော (Key Informant interview) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဘာသာရေးခေါင်းဆောင်များနှင့် အမျိုးသမီးခေါင်းဆောင်များအပါအဝင် အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့အပြင် ဒေသနေ ပြည်သူလူထုများ၏အသံများကိုလည်း ပါဝင်နိုင်ရန် ဒေသခံများနှင့်လည်း အသေးစိတ်ကျသော အင်တာဗျူးနည်း (In-depth interview) ဖြင့်လည်း ဆက်သွယ်မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ဤသုတေသနကို ဖေဖော်ဝါရီလ ပထမအပတ်မှ မတ်လ ဒုတိယအပတ်အထိ သုံးပတ်ကြာ ပြုလုပ်ခဲ့ပါသည်။

## (ဂ) သုတေသန အကန့်အသတ်များ

လက်ရှိနိုင်ငံရေးအခြေအနေအရသော်လည်းကောင်း ကိုဗစ်ရောဂါအခြေအနေအရသော်လည်း သုတေသနအဖွဲ့အစည်းအနေဖြင့် ဖြေဆိုသူများအား လူကိုယ်တိုင်တွေ့ဆုံမေးမြန်းခြင်းမပြုနိုင်ခဲ့ဘဲ ဖုန်းအင်တာဗျူးသာလုပ်နိုင်ခဲ့သည်။ ဖြေဆိုသူများကလည်း ဖုန်းဖြင့်ဖြေကြားမှုပေါ် လုံခြုံသည်ဟုမခံစားရသည့်အတွက် ထဲထဲဝင်ဝင် မဖြေလိုခြင်း၊ တယ်လီနောဖုန်းဖြင့်သာခေါ်ဆိုပေးရန် တောင်းဆိုခြင်း၊ တစ်ချို့မှာ ဖြေဆိုပေးလိုခြင်းမရှိခြင်းနှင့် ဖုန်းမကိုင်ခြင်းစသည့် အခက်ခဲများရှိခဲ့သည်။

# ၂။ အဓိကလေ့လာတွေ့ရှိချက်များ

## ၂.၁။ စစ်အာဏာသိမ်းမှုပေါ် ပြည်သူလူထု၏ အမြင်သဘောထားများ

စစ်အာဏာသိမ်းခြင်းနှင့် စစ်အာဏာရှင်စနစ်ကိုတော့ လုံးဝမနှစ်သက်ကြောင်း ဖြေဆိုသူအားလုံးကဆိုကြသည်။ သို့သော် ရခိုင်ပြည်သူများက ယခုအဖြစ်အပျက်သည် ဗမာစစ်တပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကြားမှ အာဏာလုသည့်ပြဿနာဖြစ်၍ စောင့်ကြည့်ရန်လိုကြောင်းပြောကြသည်။ ထိုကဲ့သို့စောင့်ကြည့်ရန်လည်း ရခိုင်တပ်မတော် (AA) မှာကြားထားကြောင်းသိရသည်။ ရခိုင်ပြည်သူများအနေဖြင့် စစ်အာဏာရှင်၏အကြမ်းဖက်ရမ်းကားမှုများကို အခြားနေရာရှိပြည်သူအများစုက ဒီမိုကရေစီခေတ်ဟု ညွှန်းဆိုသောအချိန်မှာပင် မျက်ဝါးထင်ထင် ခံစားခဲ့ရသည်။ ရခိုင်ပြည်သူများအနေဖြင့် ရခိုင်ပြည်နယ်သည် မည်သည့်အစိုးရအုပ်ချုပ်စဉ် ကာလကမှ ဒီမိုကရေစီရခဲ့သည်ဟု မခံစားခဲ့ရကြောင်းနှင့် စစ်အာဏာရှင်နှင့် NLD အရပ်သားအာဏာရှင်တို့၏ အုပ်ချုပ်မှုကိုသာရခဲ့သည်ဟုဆိုသည်။ အာဏာရှင်စနစ်နှစ်ခုလုံး၏ အုပ်ချုပ်မှုကို ယှဉ်ကြည့်သည့်အခါတွင်လည်း ထူးခြားသောကွာခြားမှုကို မခံစားခဲ့ရပါဟုဆိုကြသည်။ ရခိုင်ပြည်သူများနှင့် ပလက်ဝပြည်သူများသည် NLD အစိုးရအုပ်ချုပ်စဉ်ကာလ ၅ နှစ်အတွင်းတွင် ပြည်တွင်းစစ်ဒဏ်များနှင့် ဒေသခံများအပေါ် တပ်မတော်၏ မတရားအနိုင်ကျင့်သတ်ဖြတ်ခြင်းများရှိခဲ့ကြောင်း၊ ထိုသို့ ရခိုင်ပြည်နယ်၏ အကျပ်အတည်း တစ်လျှောက်လုံးတွင်လည်း NLD က ရခိုင်ပြည်သူများအတွက် ရပ်တည်ပေးခဲ့ခြင်း မရှိသည့်အပြင် တပ်မတော်ဘက်မှနေ၍ ရပ်တည်ပေးမှုများရှိခဲ့ကြောင်း၊ **သည့်အပြင် ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် တပ်မတော်မှ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ (ဒေသခံများက မွတ်စလင်လူမျိုးဟုသာ သုံးနှုန်းသည်။)[၁] လူမျိုးများအပေါ် လက်နက်အင်အားသုံး အကြမ်းဖက်သတ်ဖြတ်မှုကိုပင် ဒေါ်အောင်ဆန်းစုကြည်က ICJ အထိသွား၍ တပ်မတော်ဘက်မှ ရပ်တည်ပေးခဲ့ကြောင်း၊ NLD အစိုးရအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲမှာလည်း ရခိုင်အမျိုးသားပါတီ (ANP) နိုင်နိုင်ခြေရှိသည့်နေရာများတွင် တပ်မတော်နှင့် AA တို့က ရွေးကောက်ပွဲကာလအတွင်း အပစ်ခတ်ရပ်စဲထားသည့်တိုင် ရွေးကောက်ပွဲကျင်းပခွင့်မပြုခဲ့ကြောင်း၊ NLD အစိုးရသည် ရခိုင်ပြည်နယ်၏ အတိဒုက္ခများကို ANP နှင့် တစ်ကြိမ်တစ်ခါမှ အရေးတယူညှိနှိုင်းမှုပင်မရှိခဲ့ကြောင်းနှင့် NLD သည် ရခိုင်ပြည်နယ်အပေါ် ရက်စက်စွာ လျစ်လျူရှုခဲ့သည်ဟု အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူများကပြောခဲ့သည်။**

စက်တင်ဘာလ ၃ ရက်နေ့ ၂၀၂၀ ခုနှစ်တွင် ရွာမီးရှို့ခံလိုက်ရသည့် ရွာသားတစ်ဦးက သူတို့ခံစားခဲ့ရသော အတွေ့အကြုံခါးများကို အောက်ပါအတိုင်း ရင်ဖွင့်လိုက်သည်။

> **"ကလေးပြေးနေတာကိုတွေ့ရင် ကလေးကိုသတ်၊ မိန်းမတွေ့ရင် မိန်းမကိုသတ် အရှေ့ကပြေးရင် အနောက်ကနေ ဓားနှင့်ထိုး သေနတ်နဲ့ပစ် ကျွန်တော်တို့ ရခိုင်တွေကို အသက်ရှိတယ်လို့တောင် မသတ်မှတ်ခဲ့ပါ။ တိရစ္ဆာန်တစ်ကောင်လောက်တောင် တန်ဖိုးထားမခံခဲ့ရပါ။ ဘာလက်နက်မှမရှိတဲ့ ပြည်သူတွေကို သူတို့ လုပ်ချင်တိုင်းလုပ် စွပ်စွဲချင်တိုင်းစွပ်စွဲ လူသားချင်းများစာနာမလားဆိုပြီး ကျွန်တော်တို့က ရိုးရိုးသားသား လုပ်စားတဲ့တောင်သူတွေပါလို့ ရှင်းပြတော့လည်း သတ်ချင်သလို သတ်ပစ်ခဲ့ပါတယ်။ ရွာမီးရှို့ခံလိုက်တဲ့ညက ကျွန်တော်တို့ရွာက ကောင်လေးနှစ်ယောက် တစ်ယောက်ကတော့ ကလေးအဖေပါ။ တစ်ယောက်ကတော့ လူပျိုပါ။ ရိုးရိုးသားသား ဝရိန်လုပ်ငန်းလုပ်စားတဲ့သူတွေ အဲဒါကို AA နဲ့အဆက်အသွယ်ရှိတယ်ဆိုပြီး ပစ်သတ်ပစ်လိုက်တာပါ။ ကျွန်တော်တို့က AA ကို တစ်ခါမှတောင် မမြင်ဖူးပါ။ ကျွန်တော်တို့ အဲဒီညမှာ အလောင်း**

[၁] ဖြေဆိုသူရခိုင်လူမျိုးများက ရိုဟင်ဂျာလူမျိုးဟု သုံးနှုန်းခြင်းမရှိဘဲ "မွတ်စလင်လူမျိုး"ဟုသာ သုံးနှုန်းကြသည်။ သို့သော် အချို့သော ချင်းဖြေဆိုသူများကမူ ရိုဟင်ဂျာလူမျိုးဟုဖြေဆိုသူများလည်း ရှိသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၈-၂-၂၀၂၁ ခုနှစ်တွင်ပြောသော မိန့်ခွန်းအတိုင်း ကိုးကားထားခြင်းဖြစ်သည်။

**တောင်မကောက်ရဲလို့ မနက်မှသွားကောက်ရတယ်။ စဉ်းစားကြည့်ပါ၊ သူ့မိသားစုနေရာမှာ ဘယ်လောက်တောင် ခံစားရမလဲ။ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းညီကိုတွေလို့တော့ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ နာကျင်ခံစားမှုတွေ မတရားအနိုင်ကျင့်ခံခဲ့ရတာတွေကတော့ ဘယ်ဗမာမှ အသံမထွက်ပေးခဲ့ဘူး။ ကျွန်တော်တို့ကို မတရားနှိပ်စက် အနိုင်ကျင့်သူကကျင့်တယ် လျစ်လျူရှုသူတွေက ရှုခဲ့တယ်။ အဲဒီတော့ အခုဗမာပြည်မှာ ဖြစ်နေတာဟာ ကျွန်တော်တို့နဲ့ဆိုင်သလား။ သိပ်တော့မဆိုင်ဘူးထင်ပါတယ်။**" ဟု သူ့အတွေ့အကြုံနှင့် ခံစားချက်များကို ရှင်းပြသွားသည်။

ထို့ကြောင့်ရခိုင်အနေဖြင့် တပ်မတော်ပေါ်သော်လည်းကောင်း NLD အပေါ်သော်လည်းကောင်း နာကျည်းချက်များစွာရှိကြောင်း NLD သည်လည်း တပ်မတော်နှင့် မထူးခြား လူမျိုးကြီးဝါဒကိုသာ ကျင့်သုံးခဲ့ကြောင်းဆိုသည်။ သည့်အတွက် ယခုစစ်အာဏာသိမ်းမှုသည်လည်း တချို့သောဖြေဆိုသူများက ဖြစ်သင့်၍ဖြစ်သည်ဟုဆိုသလို တချို့ကလည်း ဒီကိစ္စသည် အာဏာရှင်ခေါင်းဆောင်နှစ်ဦးကြားဖြစ်သော အာဏာလုပွဲမျှသာ ဖြစ်သည်ဟုဆိုသည်။

စစ်အာဏာသိမ်းမှုအပေါ် ပလက်ဝဒေသရှိ ချင်းလူမျိုးများက ၎င်းတို့ဒေသသည် စစ်ဘေးဒဏ်ကို များစွာခံစားခဲ့ရပြီး အမည်းရောင် နယ်မြေအဖြစ်ရှိနေခဲ့သည့်အတွက် စစ်တပ်၏ချုပ်ကိုင်လွှမ်းမိုးမှုအောက်တွင်သာ တလျှောက်လုံးရှိခဲ့သည့် ဒေသဖြစ်သည့်အတွက် မည်သည့်ထူးခြားချက်မျှမရှိကြောင်း တွေ့ဆုံမေးမြန်းခဲ့သူနှစ်ဦးက ပြောပြခဲ့သည်။ သို့သော် ရခိုင်နှင့်ကွာခြားသည်မှာ NLD အစိုးရပေါ်နာကျည်းသည်ဆိုသော ပြောဆိုချက်များကို ချင်းပြည်နယ်တွင် မကြားခဲ့ရပဲ AA နှင့် တပ်မတော်တို့အကြားဖြစ်သည့် စစ်ပွဲများကြောင့် ချင်းလူမျိုးများက ကြားညပ်ခံခဲ့ရသူများသာ ဖြစ်သည်ဟုဆိုသည်။ ရခိုင်နှင့်ချင်းပြည်နယ်အကြား နယ်နမိတ်ရှင်းလင်းမှုမရှိခြင်းသည် ချင်းလူမျိုးအတွက် ကြီးမားသော နစ်နာဆုံးရှုံးမှုဖြစ်ပြီး ရခိုင်နှင့်တပ်မတော်ကြားဖြစ်သည့် ပြဿနာများကြားတွင် ခါးစည်းခံနေရသူများဖြစ်သည်ဟုဆိုသည်။ ချင်းလူမျိုးများအနေဖြင့် တပ်မတော်၏အာဏာသိမ်းမှုသည် မည်သို့မျှ လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုသာ ဆက်လက်သွားလိုသည်ဟုဆိုသည်။

### (က) စစ်အာဏာသိမ်းမှုကို လူမျိုးစုငယ်များ၏အမြင်

စစ်အာဏာသိမ်းခြင်းသည် လူမျိုးစုငယ်များအတွက်လည်း မည်သို့မျှကောင်းလာဖွယ်မရှိကြောင်း ဖြေဆိုသူများအားလုံးက တစ်သံတည်းဖြေဆိုခဲ့ကြသည်။ လူမျိုးစုများကို အစိတ်စိတ်အမွှာမွှာဖြစ်အောင်ခွဲခဲ့သည့် တရားခံစစ်တပ်သည် မည်သည့်နည်းနှင့်မှ လူမျိုးစုငယ်များ၏အခွင့်အရေးများကို ကြည့်လိမ့်မည်မဟုတ်ဟုဆိုသည်။ "**ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်ခွာသွားတဲ့သူတွေကို နှစ်နိုင်ငံသဘောတူညီချက်အတိုင်း တပ်မတော်ရဲ့ရပ်တည်ချက်နှင့်အညီ ပြန်လက်ခံဖို့ ဆွေးနွေးညှိနှိုင်းနေတယ်**" ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခြင်းသည် ၎င်းရင်ဆိုင်ရမည့် ICJ အမှုကို ပေါ့သွားအောင် လုပ်ပြခြင်းသက်သက်သာဖြစ်သည်ဟု နားလည်ကြောင်း ဖြေဆိုသူအားလုံးကပြောသည်။ ထိုစကားကို ဒေါ်အောင်ဆန်းစုကြည်ကလည်း အကြိမ်ကြိမ်ပြောခဲ့သော စကားဖြစ်သည့်အတွက် ယခုဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောခြင်းသည် ဘာမှထူးခြားသော ပြောကြားချက်မဟုတ်ကြောင်း အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူတစ်ဦးကလည်းပြောသည်။ ထို့အပြင် နေရပ်စွန့်ခွာသွားသူ ရိုဟင်ဂျာများ (မွတ်စလင်လူမျိုးဟုသာ ဖြေဆိုသူများက သုံးနှုန်းကြသည်) အား ပြန်ခေါ်သည့်အခါတွင်လည်း နှစ်နိုင်ငံအကြီးအကဲများသာ ညှိနှိုင်းခြင်းမဟုတ်ဘဲ နေရပ်စွန့်ခွာသွားသူများ ပြန်လာလိုခြင်းရှိမရှိနှင့် ရခိုင်ပြည်နယ်ရှိဒေသခံများဖြစ်သော ရခိုင်၊ ရိုဟင်ဂျာ (ဒေသခံများ မွတ်ဆလင်လူမျိုးဟုသာ သုံးနှုန်းကြသည်)၊ မာရမာကြီးနှင့်ကမန်များ၏ သဘောထားဆန္ဒများကိုလည်း ကောက်ခံသင့်သည်ဟုဆိုသည်။ နှစ်နိုင်ငံအထက်အမိန့်နှင့်လုပ်ခြင်းထက် နှစ်ဘက်စလုံးရှိ ပြည်သူများနှင့်ညှိနှိုင်းပြီးမှသာ ဆောင်ရွက်သင့်သည်။ သို့မှသာ မလိုလားအပ်သော ပဋိပက္ခများနှင့် ပြဿနာများကို ရှောင်ရှားနိုင်မည်ဟု ဖြေဆိုသူများက အကြံပြုကြသည်။

**(ခ)။ စစ်အာဏာသိမ်းမှုအပေါ် ကြားနေဝါဒကိုကျင့်သုံးနေလား**

ဖြေဆိုမှုတွင်ပါဝင်သူ ရခိုင်ပြည်သူများသည် လက်ရှိနိုင်ငံရေးဖြစ်စဉ်အပေါ် မည်သို့မှတ်ချက်ပေးလိုခြင်း မရှိသေးသော်လည်း ဤအရေးကိစ္စကို အခြားဒေသမှာရှိသည့် ပြည်သူတစ်ဦးထက် သူတို့၏သည်စိတ်ဝင်စားမှုမှာ မလျော့ကြောင်း လေ့လာသိရှိရသည်။ အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းမှ အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ **"ကျွန်မတို့က ငါးနှစ်လုံးလုံး စစ်ပွဲကြောင့်ပြေးလွှားခဲ့ရပြီး အခုမှ အသက်ဝဝရှူတုန်းပဲရှိသေးတာပါ။ ဒါပေမယ့် စိတ်ကတော့ လုံးဝမနားဘူးနော်။ ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်နေတာ။ ကြားနေဖို့မဟုတ်ဘူး ကျွန်မတို့ရဲ့သဘောထားက ပြတ်ပြတ်သားသားပဲ နှစ်ဘက်လုံးကိုမကြိုက်တာ။ ဒါပေမယ့် စစ်အာဏာသိမ်းမှုကိုတော့ လုံးဝရှုတ်ချတယ်။ အာဏာရှင်ဆိုရင် ဘာအာဏာရှင်မှကို မကြိုက်တာ"**ဟုဆိုသည်။ အလားတူပင်

ရခိုင်ပြည်သူတစ်ဦးကလည်း **"အခုက ကြားနေတာမဟုတ်ပါဘူး။ စစ်အာဏာသိမ်းတာဟာ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ။ NLD အစိုးရကိုလည်း မကြိုက်ပါဘူး။ ကျွန်တော်စောင့်နေတာ CRPH ပါ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို အခြားနည်းလမ်းနဲ့ ဖြေရှင်းမှရတော့မယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမယ့် CRPH ကလည်း ၂၀၀၈ ခြေဥအတိုင်း သွားမယ်ဆိုရင် သူလည်း အာဏာရှင်အစိုးရဖြစ်လာမှာပဲလို့ ကျွန်တော်မြင်တယ်။ ဒါကြောင့် ကျွန်တော်ကတော့ အခုအချိန်မှာ တစ်ဖက်ဖက်ကိုရပ်ဖို့ ရွေးချယ်စရာကို မရှိသေးပါဘူး"** ဟုဆိုသည်။

နောက်ထပ်ဖြေဆိုသူတစ်ဦးကလည်း **"၂၀၀၈ အခြေခံဥပဒေကို မဖျက်သေးသ၍ကတော့ ဘယ်သူအုပ်ချုပ်အုပ်ချုပ်ကောင်းလာဖို့မရှိဘူး"**ဟုဆိုသည်။ ထိုနည်းတူ ရိုဟင်ဂျာ အမျိုးသားတစ်ဦးကလည်း

**"ကျွန်တော်ကတော့ စစ်တပ်ကအခုလို အာဏာသိမ်းတာကို လုံးဝမကြိုက်ပါဘူး။ ကျွန်တော်တို့ စစ်ဘေးရှောင်စခန်းကလည်း ဘယ်သူမှမကြိုက်ပါဘူး။ ကျွန်တော်တို့လူနည်းစုတွေကတော့ ဘယ်နိုင်ငံရေးသမားကိုမှလည်း မယုံကြည်တော့ဘူး။ ကိုယ်ကကောင်းမယ်လို့ ထင်ထားတဲ့သူတွေကလည်း ကိုယ့်ပေါ်မကောင်းခဲ့ဘူးဆိုတော့။ ဘာမှမျှော်လင့်ချက်မထားတော့ဘူး"**ဟုဆိုသည်။ ချင်းအမျိုးသားတစ်ဦးကလည်း ယခုလို အာဏာသိမ်းမှုကိုမကျေနပ်သော်လည်း ဒေသ၏ အခြေအနေအရ ဆန္ဒပြဖို့လည်း မလွယ်ကူသည့်အတွက် ငြိမ်နေရကြောင်းသိရသည်။ တွေ့ဆုံမေးမြန်းခဲ့သည့်သူအများစုမှာ စစ်အာဏာရှင်ကိုရှုတ်ချကြောင်းနှင့် မည်သည့်နည်းနဲ့မျှ စစ်အာဏာသိမ်းခြင်းကို လက်မခံကြောင်း ၎င်းတို့အနေဖြင့် နိုင်ငံတစ်ဝှမ်းဆန္ဒပြနေသူများ၏ သတင်းများကိုလည်း ဆိုရှယ်မီဒီယာမှ တစ်ဆင့်စောင့်ကြည့်နေကြောင်း ပြောဆိုမှုများရှိသလို အနည်းစုသောဖြေဆိုသူများက ၎င်းတို့အနေဖြင့် စစ်အာဏာရှင်ကိုမကြိုက်သော်လည်း ယခုကဲ့သို့ ပြည်တွင်းစစ်မရှိဘဲနေရသည်ကိုပင် လိုလားကြောင်းသိရသည်။

## ၂.၂။ စစ်အာဏာသိမ်းပြီး နေ့စဉ်ဘဝဖြတ်သန်းမှုအခြေအနေ

**(က) ရခိုင်ပြည်သူများ၏ လုံခြုံရေး**

ရခိုင်ပြည်သူများအနေဖြင့် စစ်အာဏာသိမ်းပြီး ရခိုင်ပြည်နယ်သည် အထူးအခွင့်အရေးများရနေသည်ဟု ထင်မြင်ယူဆချက်များသည် လုံးဝလွဲမှားနေသော ယူဆချက်များသာဖြစ်သည်ဟုဆိုလိုက်သည်။ ရခိုင်ပြည်နယ်သည် ယခုအချိန်တွင် ယာယီအပစ်အခတ်ရပ်ဆဲထားခြင်းကြောင့် နှစ်နှစ်တာကာလအတွင်း စစ်ကြောင့်စိတ်မောလူမော ဖြစ်ရခြင်းမှ သက်သာရာရုံသာရှိပါသည်။ အခွင့်ထူးများခံစားရခြင်းမရှိဘဲ တပ်မတော်၏ဖိနှိပ်ခြင်းခြိမ်းခြောက် အာဏာပြခြင်းများကို အခြားနေရာများနည်းတူ ခံစားနေရသည်ဟုပြောကြသည်။ အင်တာနက်လိုင်းဖွင့်ပေးထားသည်မှာလည်း လိုင်းမကောင်းပေ။ ထို့အပြင် အခြားသူများနှင့်အတူ VPN ခံသုံးနေရသည်။ အင်တာနက်လိုင်းကို အများနည်းတူ ည ၁ နာရီမှ မနက် ၉ နာရီအထိ အဖြတ်တောက်ခံနေရသည်။ ထိုကြောင့် ဖောရီဖွင့်ပေးလိုက်ခြင်းသည် ရခိုင်အတွက်

အခွင့်ထူးပိုပေးထားခြင်း မဟုတ်ပေ။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်၏အင်အားပြ လုပ်ဆောင်ခြင်းများသည် စစ်တွေမြို့အတွင်း ညစဉ် စစ်ကားများနှင့် တင့်ကားများဖြင့် ဥဒဟို( အချိန်အခါမရွေး အတားအဆီးမရှိ) သွားလာနေပြီး ပြည်သူများကို နေအိမ်တွင်နေထိုင်ရန်၊ ဆန္ဒပြစုဝေးခြင်းမပြုရန်၊ ပြည်သူများ၏လုံခြုံရေးအတွက် စောင့်ရှောက်ကာကွယ်ပေးနေသည်ဟု လော်စပီကာဖြင့် လိုက်အော်သည်။ သို့သော် ထိုသို့တင့်ကားများမောင်းပြခြင်းသည် **"မင်းတို့လှုပ်ရဲရင် လှုပ်ကြည့်တွေ့လား"**ဆိုသလိုဖြစ်နေပြီး ခြိမ်းခြောက်မှုနည်းလမ်းအသစ်ဖြစ်သည်ဟု ပြည်သူလူထုကမြင်ကြသည်။ **"အဲဒီလိုလိုက်အော်နေရင် အိမ်ကမိသားစုတွေက မလုံခြုံအောင် သူတို့ပဲလုပ်နေပြီး သူတို့ကပဲ ပြန်ကာကွယ်နေတယ်ဆိုပါလားဆိုပြီး ရယ်ကြတယ်"**ဟု ရခိုင်အမျိုးသမီးငယ်တစ်ဦးကဆိုသည်။ စစ်အာဏာသိမ်းပြီး ရခိုင်သည် စစ်တပ်နှင့် ပနံသင့်နေခြင်းမဟုတ်ပါ။ နေရာတိုင်းတွင် စစ်တပ်များတပ်ချထားပြီး နေရာယူထားသည်ကိုတွေ့ရသည်။ ရခိုင်ပြည်သူများသည် စစ်မရှိသည့်တိုင် သွယ်ဝိုက်ခြိမ်းခြောက်မှုများရှိနေပြီး အတိုင်းအတာတစ်ခုထိသာ လုံခြုံမှုရှိနေသည်။ တစ်ဖက်တွင် စစ်တပ်က ဒေသအတွင်း မိုင်းရှင်းလင်းရေးများ လုပ်ပေးနေသည်ဟုဆိုသော်လည်း အမှန်တကယ်လိုအပ်သည့်နေရာများတွင် ရှင်းလင်းပေးခြင်းမျိုးမဟုတ်ပဲ မရောင်ရာဆီလူးသည့်ပုံစံဖြင့်သာ အယောင်ဆောင်ဟန်ရေးပြလုပ်နေခြင်း ဖြစ်သည်ဟုဆိုသည်။ ၂၀၂၀ ခုနှစ် စက်တင်ဘာလအစောပိုင်းတွင် မီးရှို့ခံရသည့် ရွာနှစ်ရွာထဲက ပြည်သူတစ်ဦးက ယခုအချိန်အထိ လုံခြုံသည်ဟုမခံစားရကြောင်းကို အောက်ပါအတိုင်းပြောသည်။

> **"တောထဲကို နွားသွားရင် နွားမိုင်းထိတယ် လူသွားရင် လူမိုင်းထိတယ်၊ ဘယ်လိုလို့ ရွာပြန်ရဲအုံးမလဲ။ စစ်သားတွေ့ရင် ပြေးပြေးလို့ကို သင်ထားကြတယ်။ အလုပ်က တစ်ရက်လုပ် နှစ်ရက်နားပဲ အဲလိုလုပ်ပြီး ရတဲ့ဟာလေးကိုတောင် အကုန်မီးရှို့ခံရတယ်။ ဘယ်လိုလို့ ရွာပြန်ရဲအုံးမှာလဲ။ သူတို့ပဲသတ်ခဲ့ပြီး သူတို့မိုင်းရှင်းပေးတယ်ဆိုတာ ဘယ်လိုလို့ယုံကြည်ရမလဲ"**

ဟုဆိုသည်။ နောက်ထပ် အမျိုးသမီးတစ်ဦးကလည်း မိုင်းရှင်းလင်းရေးလုပ်နေသည်ဟုဆိုသော်လည်း ယခုမတ်လအစောပိုင်းတွင်ပင် တောထဲသို့ ဟင်းရှာသွားရင်းနှင့် နွားကျောင်းသူ စုစုပေါင်း လူလေးဦးမှာ မိုင်းထိသွားပြီးဖြစ်ကြောင်း သိပြောပြသည်။ အပစ်ခတ်ရပ်စဲသည့်ကာလမှာ (၃) လ သတ်မှတ်ထားပြီး ဖေဖော်ဝါရီလကုန်ဆိုလျှင် (၃) လပြည့်တော့မည်ဖြစ်သည့်အတွက် ပြည်သူများ စစ်ပြန်ဖြစ်မှာကို စိုးရိမ်မကင်းဖြစ်နေရသည်။ စစ်ဘေးရှောင်စခန်းတွင် နေထိုင်သူများကလည်း အပစ်ခတ်ရပ်စဲရုံသာရှိပြီး နေရပ်ပြန်ရေးအတွက်လည်း မည်သူတစ်ဦး တစ်ယောက်ကမျှ ပြောသံမကြားသေးကြောင်း သိရသည်။

### (ခ) ရခိုင်ပြည်နယ်နှင့် ပလက်ဝဒေသ စားဝတ်နေရေးအခက်အခဲ

စစ်အာဏာသိမ်းပြီးနောက် ရခိုင်ပြည်နယ်တွင် ကုန်ဈေးနှုန်းများကလည်း အဆမတန် မြင့်တက်နေပြီး ပြည်သူများ စားဝတ်နေရေး အကြပ်အတည်းများစွာ ကြုံတွေ့နေရသည်။ ယခုလက်ရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်သွန်နီ တစ်ပိဿာလျှင် ယခင် ၁၀၀၀ကျပ်ဈေးမှ ယခု ၃၀၀၀ ကျပ် ဈေးသို့လည်းကောင်း ဆားအုန်းဆီ တစ်ပိဿာလျှင် ယခင် ၂၅၀၀ ကျပ်ဈေးမှ ယခု (၅၀၀၀) ကျပ်ဈေးသို့လည်းကောင်း ခုန်တက်သွားသည်။ ကိုဗစ်-၁၉ ကြောင့် တစ်နှစ်ပတ်လုံး စားဝတ်နေရေးအခက်ခဲကို ရုန်းကန်ခဲ့ရပြီး ယခုတဖန် နိုင်ငံရေးပဋိပက္ခကြောင့် လမ်းတံတားပိတ်ဆို့မှုများရှိပြီး ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်ပြန်ရာ ရေရှည်တောင့်ခံနိုင်ရန်အတွက် စိုးရိမ်ပူပင်ရသည်ဟု ရပ်မိရပ်ဖတစ်ဦးကလည်း ပြောပြခဲ့သည်။ သို့သော် ပလက်ဝဒေသတွင်မူ အခြေခံစားသောက်ကုန်ဈေးသည် အပစ်ခတ်ရပ်စဲပြီး အပစ်ခတ်ကာလတုန်းကထက် အနည်းငယ်ကျသွားသည်ဟုဆိုသည်။ ချင်းအမျိုးသမီးတစ်ဦးက "ရခိုင်မှာ အခုမှ လမ်းပိတ်ပြီး ဈေးနှုန်းတက်တာ ခံစားရတာပါ။ ကျွန်မတို့က ခံစားနေတာကြာလှပြီ သူတို့ဆီမှာ တက်သလောက်ကတော့ ကျွန်မတို့ဆီလည်း အခုတက်နေတာပါပဲ။ အခု ကျွန်မတို့ဆီမှာကျတယ်ဆိုတာက ပုံမှန်ဈေးနှုန်းပြန်ဖြစ်သေးတာ

မဟုတ်ဘူး။ သူတို့ဆီမှာ တက်သလောက်ကတော့ ဒီမှာလည်းတက်တယ်"ဟုဆိုသည်။ တစ်ဘက်တွင်လည်း ရခိုင်နှင့် ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းတွင် နေထိုင်သူများမှာ ဖေဖော်ဝါရီလကုန်လျှင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ World Food Progarm (WFP) မှထောက်ပံ့သော စားနပ်ရိက္ခာများ ဆက်ရမရလည်း မသိရသေးသည့်အတွက် များစွာစိုးရိမ် ပူပင်နေရသည်ဟုသိရသည်။ လက်ရှိတွင် ဘဏ်လုပ်ငန်းများရပ်ထားခြင်းကြောင့် ငွေကြေးစီးဆင်းမှုလည်း ရပ်တန့်နေ သည့်အတွက် ငွေလွှဲငွေယူလည်း လုပ်၍မရသေးကြောင်းသိရသည်။

**(ဂ) အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှု ( CDM) နှင့် လမ်းပေါ်ထွက်လူထုလှုပ်ရှားဆန္ဒပြမှု**

ရခိုင်ရှိပြည်သူများသည် အကြမ်းမဖက်လှုပ်ရှားဆန္ဒပြမှု (CDM) ကို အစိုးရဝန်ထမ်းများမှ အမိန့်အာဏာဖီဆန်သည့် နည်းလမ်း၊ လမ်းများပေါ်တွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သောနည်းလမ်းများ၊ သံပုံးတီး၊ ဒန်အိုးများတီးခြင်းနည်းလမ်း များဖြင့် ပြုလုပ်ခြင်းမရှိသော်လည်း တပ်မတော်နှင့်ဆက်စပ်သောကုန်စည်များကို ဝယ်ယူသုံးစွဲခြင်းမပြုသောခြင်းဖြင့် ပြုလုပ်ကြသည်။ CDM လုပ်ခြင်း ဟုတ်မဟုတ် မသိရသော်လည်း ဘဏ်လုပ်ငန်းများ အားလုံးပိတ်ထားပြီး ငွေကြေး စီးဆင်းမှုမရှိကြောင်း သိရသည်။ ထို့အပြင် စစ်အာဏာရှင်အား အလိုမရှိကြောင်းကို ရပ်မိရပ်ဖတစ်ဦးက

> **"ဗမာတွေက အခုမှ သံပုံးတွေတီးတာပါ ကျွန်တော်တို့ရွာကတော့ သီတင်းကျွတ်ကတည်းက တပ်ခွေးတွေ အလိုမရှိ၊ ဗမာတပ်သားတွေအလိုမရှိ၊ ဗမာတပ်သား... ပြေး... ပြေး... ဗမာတပ်သား... မောင်းထုတ်... မောင်းထုတ်.. ဆိုပြီးတော့ အဲဒီမကောင်းဆိုးဝါးတွေကို ဒန်အိုးဒန်ခွက်တွေတီးပြီး မောင်းထုတ်လိုက်ပြီးသွားပြီ"**

ဟုဆိုသည်။ သို့သော် ရခိုင်တောင်ပိုင်းဒေသဖြစ်သော သံတွဲ၊ တောင်ကုတ်နှင့် ဂွဘက်တွင်မူ လူထုများ သုံးရက်ခန့် လမ်းပေါ်ထွက်ဆန္ဒပြကြသည်ဟုဆိုသည်။ ထိုတောင်ပိုင်းဒေသသည် ပြည်မနှင့်နယ်မြေထိစပ်နေပြီး စစ်ဘေးဒဏ် လည်းမခံခဲ့ရသည့် အရပ်ဒေသဖြစ်သည်ဟုဆိုသည်။ ထို့အပြင်ရခိုင်ပြည်နယ်တွင် ဆန္ဒပြမှုကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်သည့်တိုင် ရန်ကုန်တွေနေသော ရခိုင်လူငယ်များမှာ **လူမျိုးပေါင်းစုံအထွေထွေသပိတ် General Strick Committee of Nationalities (GSCN) တွင် ပါဝင်ဆန္ဒပြကြသည်။ ထိုလူမျိုးပေါင်းစုံ အထွေထွေသပိတ်၏ ကြွေးကြော်သံများသည် ပါတီပေါ်အခြေမခံဘဲ စနစ်ကိုသာအခြေခံသော ကြွေးကြော်သံမျိုးဖြစ်သည့်အတွက် သဘော ကျသည်ဟု ရခိုင် CSO တစ်ခုတွင် လုပ်ကိုင်နေသူတစ်ဦးကပြောသည်။** ပလက်ဝဒေသတွင်လည်း လမ်းပေါ်ထွက် ဆန္ဒခြင်းမှာ အစောပိုင်းကာလ စမီးမြို့ဆန္ဒပြမှုတွင် ဖြိုခွင်းတားမြစ်ခံရပြီး နောက်ထပ်ဆန္ဒဖော်ထုတ်နိုင်ခြင်း မရှိသေး ပေ။ သို့သော် ပြည်သူလူထုက ညဘက်တွက် စစ်အာဏာရှင်ဆန့်ကျင်ရေးစာများကို အိမ်ထဲပစ်ခြင်း ဓာတ်တိုင်များ အများပြည်သူပိုင် အဆောက်အဦးများတွင်ကပ်ခြင်းစသည့် ဆန့်ကျင်မှုများလုပ်သည်။ စစ်အာဏာရှင်ကို မကြိုက် သော်လည်း CDM လုပ်ခြင်းက NLD ကို ထောက်ခံရာရောက်မည်စိုးသည့်အတွက် အမှန်တကယ် ဖက်ဒရယ်ဒီမို ကရေစီကို ဖော်ဆောင်နိုင်သော အစိုးရပေါ်ပေါက်ဖို့သာမျှော်လင့်ကြောင်း ဖြေဆိုသူတစ်ဦးကလည်း ပြောသည်။

**(ဃ) အကြမ်းမဖက်လှုပ်ရှားဆန္ဒပြမှုများကို ဟန့်တားနှိပ်ကွက်ခြင်း**

ရခိုင်ပြည်နယ်တွင် စစ်ပဋိပက္ခဒဏ်ကို နှစ်နှစ်ဆက်တိုက် ဆိုးဝါးစွာခံခဲ့ရပြီး ထိုနှစ်နှစ်တာကာလတွင် ပြည်သူလူထုအား လူမဆန်စွာ ရက်စက်သတ်ဖြတ်မှုများရှိခဲ့သည်ဟု အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ နှစ်နှစ်အတွင်း ဖမ်းဆီးခေါ်ဆောင်သွားပြီး အလောင်းသာပြန်ရောက်လာသူနှင့် ယနေ့အချိန်အထိ သေသလား ရှင်သလားပင် မသိရသေးသူများမှာ ၄၀၀ ဦးနီးပါး ရှိသည်ဟုဆိုသည်။ ထို့ကြောင့် ဒဏ်ရာဒဏ်ချက်များနေ ပြီဖြစ်သော ရခိုင်ပြည်နယ်တွင်နေထိုင်သည့် ပြည်သူများအတွက် ဆန္ဒပြမှုကိုလုပ်ဖို့ရန်မှာ ယခင်အတွေ့အကြုံများက အဟန့်တားများ စိုးရိမ်ကြောက်ရွံ့မှုများကို ဖြစ်စေသည်ဟုဆိုသည်။ ဖြေဆိုသူတစ်ဦးကလည်း ၎င်းကိုယ်တိုင် ဆန္ဒ ထွက်ပြချင်သော်လည်း တစ်ဦးတစ်ယောက်တည်းထွက်ပြ၍ အဆင်မပြေနိုင်ပေ။ ပြည်သူလူထုများအား ပါဝင်လာရန် စည်းရုံးဖို့ဆိုလျှင်လည်း အရင်ဒဏ်ရာဟောင်းများကိုပင် ကုစားပေးခြင်းမရှိသေးသော ပြည်သူများဖြစ်သည့်အတွက်

နှစ်လသုံးလအချိန်ယူပြီး စည်းရုံးမှသာလျှင် အဆင်ပြေနိုင်သည့်အနေအထားဖြစ်သည်။ အဘယ်သူမျှ စစ်အာဏာရှင်ကို ကြိုက်နှစ်သက်၍ ဆန္ဒမပြဘဲနေခြင်းမဟုတ်ပါ။ သို့သော် သွေးပျက်နေသည့်ပြည်သူများ၊ ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နက်နေသော ပြည်သူများဖြစ်သည့်အတွက် ဆန္ဒထွက်ပြဖို့ရန် မည်သို့မျှ အခွင့်အရေးမပေးသည့် အခြေအနေတွင် နေနေရသည်။ တစ်ဖက်တွင်လည်း စစ်တပ်နှင့်ရဲများက ပြည်သူများမလှုပ်သာအောင် စောင့်ကြည့်နေသည့်အနေအထားတွင် ရှိနေသည်။ ဥပမာအားဖြင့်ဆိုလျှင် ဖေဖော်ဝါရီလကုန်ပိုင်း ၂၀၂၁ ခုနှစ်တွင် ကျောင်းသားသမဂ္ဂအဖွဲ့မှ ကျောင်းသားများ၊ CSOs တွင် အလုပ်လုပ်နေသော ကျောင်းသားများနှင့် လူငယ်များစုစုပေါင်း (၂၀) ဦးကျော်တို့မှာ စစ်တွေကမ်းခြေတွေ တွေ့ဆုံကြပြီး အနာဂတ်ဒီမိုကရေစီအရေး မည်သို့ဖြစ်လာနိုင်သည်ကို အချင်းချင်းမျှဝေသည့် အစီအစဉ်လုပ်ကြသည်။ အလွတ်သသဘောတွေ့ဆုံပြီး အမြင်များဖလှယ်သည့်ပုံစံဖြစ်သည်။ ထိုသည်ကိုပင် ရဲနှင့် စစ်တပ်မှ ဖမ်းဆီးစစ်ဆေးမှုများရှိနေသည်။ ထို့ဖြစ်စဉ်သည်လည်း ဆန္ဒမပြနိုင်ရန် နောက်ထပ်အဟန့်အတားတစ်ခု ဖြစ်စေပြန်သည်ဟု ဒေသခံတစ်ဦး၏ပြောပြချက်အရ သိရသည်။ တစ်ချို့သောဖြေဆိုသူများကလည်း စစ်အာဏာရှင်ကိုမကြိုက်သလို NLD အစိုးရလက်ထက်တွင်လည်း ရခိုင်ပြည်နယ်အတွက် မည်သည့်ရလဒ်ကောင်းမှ မရှိခဲ့သည့်အတွက် နှစ်ဘက်စလုံးတွင် ရပ်တည်လိုမှုမရှိ၍ ဆန္ဒပြမှုမရှိခြင်းဖြစ်သည်ဟု သုံးသပ်သူများလည်းရှိသည်။

ပလက်ဝဒေသတွင်လည်း စစ်အာဏာသိမ်းပြီး အစောပိုင်းကာလတွင် စစ်အာဏာရှင်ကို ဆန့်ကျင်ရှုတ်ချကြောင်းနှင့် အာဏာရှင်စနစ်အလိုမရှိကြောင်းကို စမီးမြို့တွင် ပထမဆုံးဆန္ဒပြခဲ့ရာ ထိုဆန္ဒပြမှုကို ရဲများမှ ပစ်ခတ်ပြိုခွင်းခြင်းခံရပြီး နောက်ထပ်ဆန္ဒပြမှုများ မရှိတော့ပေ။ စစ်တပ်နှင့်ရဲများကလည်း မတူပီ၊ မင်းတပ်နှင့် အခြားနယ်များမှ ပြည်သူများ မလာနိုင်အောင် ပလက်ဝမြို့ဝင်ပေါက်အားလုံးကို ပိတ်ထားလိုက်သည်။ ထို့အပြင် ဆိုင်ကယ်လိုင်စင်မရှိသူများအား ဖမ်းမည်ဟုလည်း အမိန့်ထုတ်လိုက်သည်။ ထို့ကြောင့် နယ်ဘက်တွင် လိုင်စင်မပါသော ဆိုင်ကယ်သာအသုံးပြုသည့်အတွက် ပြည်သူများ မြို့ပေါ်တက်လာ၍မရတော့ပေ။ တစ်ဘက်တွင်လည်း ခရီးသွားလာခွင့်ကို စစ်တပ်မှ ပိတ်ထားလိုက်သည်။ ထိုအကြောင်းအချက်များက လူထုဆန္ဒပြမှုများမလုပ်နိုင်ခဲ့ပေ။

တစ်ဖက်တွင်လည်း မြို့ပေါ်နေလူငယ်များဦးဆောင်၍ဆန္ဒပြရန် အားထုတ်ကြိုးပမ်းမှုများရှိခဲ့သည်။ သို့သော်ငြားလည်း ထိုဆန္ဒပြမှုကိုမပြုလုပ်ရန် ရပ်ကွက်လူကြီးနှင့် မြို့နယ်ထွေအုပ်ရုံးတို့က လူငယ်ခေါင်းဆောင်များကိုခေါ်ယူပြီး ဆန္ဒပြမှုကို ရဲများနှင့်စစ်တပ်က မဖြိုခွင်းသည့်တိုင် ဒေသနေရခိုင်လူမျိုးများနှင့် ပြဿနာတက်နိုင်သည့်အတွက် ဆန္ဒပြမှုမပြုလုပ်ရန်နားချသည်။ ထို့ကြောင့်လူငယ်များက ဆန္ဒပြမှုမလုပ်တော့ပဲ **"တပ်မတော်ကို မမုန်းပါ၊ စစ်အာဏာရှင်စနစ်အလိုမရှိ၊ ဒီမိုကရေစီရရှိရေး၊ ဒေါ်စုနှင့် သမ္မတဦးဝင်းမြင့်ကိုလွှတ်ပေးရေး၊** Respect Our Votes, We Want Democracy, **ပြည်သူ့အာဏာ ပြည်သူထံပြန်ပေး၊ ပြည်သူရွေးချယ်ထားတဲ့အစိုးရကို ပြန်လွှတ်ပေး"**ဆိုသည့် စာများရေးသားထားသော ဗီနိုင်းများ၊ ဘုတ်ပြားများကိုကိုင်ဆောင်ပြီး လူငယ် (၅၀) ဦးက ဓာတ်ပုံရိုက်ကာ လူမှုကွန်ယက်တွင် တင်ခဲ့သည်။ တပ်မတော်ကို မမုန်းပါဟုထည့်ရခြင်းသည် တပ်မတော်က ပလက်ဝဒေသကို AA ၏အန္တရာယ်မှ ကာကွယ်ပေးခဲ့သောကြောင့် ထိုစာသားကိုထည့်ရခြင်းဖြစ်သည်ဟုဆိုသည်။

## ၂.၃။ ။ ANP ပါတီ၏ဆုံးဖြတ်ချက်အပေါ် လူထု၏အမြင်သဘောထားများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ကမ်းလှမ်းမှုကို လက်ခံသည့် ရခိုင်အမျိုးသားပါတီ Arakan National Party ANP အပေါ် ရခိုင်ပြည်သူလူထုအများစုက သဘောတူခြင်းမရှိကြောင်းသိရသည်။ ANP ပါတီအနေဖြင့် မည်သည့်အကြောင်းပြချက်နှင့်မှ စစ်အာဏာရှင်၏ကမ်းလှမ်းမှုကို လက်မခံသင့်ကြောင်း အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူတစ်ဦးကပြောသည်။ ANP သည် စစ်အာဏာရှင်၏ကမ်းလှမ်းမှုကို လက်ခံရန် ပြည်သူလူထုအားချပြခြင်းနှင့် သဘောထားကောက်ခံခြင်းများမရှိသလို ပါတီအတွင်းမှာလည်း အားလုံးနှင့်တိုင်ပင်ခြင်းမရှိဘဲ ပါတီအထက်လူကြီးတချို့ကသာ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟုသိရသည်။ ထို့ကဲ့သို့စစ်ကောင်စီနှင့် ပူးပေါင်းခြင်းကြောင့် ANP ပါတီစတည်ထောင်ကတည်းက ပါဝင်ခဲ့သူများနှင့်လည်း စိတ်ဝမ်းကွဲကြပြီး ထိုသူများမှာ ပါတီမှနုတ်ထွက်သွားကြသည်။

တစ်ဘက်တွင်လည်း ပါတီအတွင်းလူငယ်များက သဘောမတူသဖြင့် ပါတီမှနုတ်ထွက်မှုများရှိသည်။ **ပြည်သူလူထုကလည်း ANP ရုံးအထိ စစ်အာဏာရှင်၏ကမ်းလှမ်းမှုကို လက်မခံရန် ဆန္ဒသွားပြကြသည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအဖွဲ့ပေါင်း (၅၂) ဖွဲ့ကလည်း ANP ၏ဆုံးဖြတ်ချက်ပေါ် ကန့်ကွက်ကြောင်း စာထုတ်ခဲ့သည်။** ဖြေဆိုသူများထဲမှ နှစ်ဦးကသာ စစ်တပ်အနေဖြင့် ရခိုင်ပြည်သူများ၏ အကျိုးစီးပွားကို မည်မျှကြည့်လာမည်ကို စောင့်ရမည်ဖြစ်ကြောင်း ဆိုသည်။ ထိုနည်းတူ ရခိုင်လူမျိုးဖြေဆိုသူတစ်ဦး၏ ပြောကြားချက်အရ ANP ပါတီအနေဖြင့် စစ်ကောင်စီ၏ကမ်းလှမ်းမှုကို လက်ခံလိုက်ခြင်းသည် ပါတီကိုကာကွယ်သည့်အနေဖြင့်သော်လည်းကောင်း ပြည်သူကိုကာကွယ်သည့်အနေဖြင့်သော်လည်းကောင်း လက်ခံလိုက်ခြင်းဖြစ်သည်ဟု သုံးသပ်သည်။ အကြောင်းမှာ ယခုအချိန်သည် စစ်အာဏာရှင်ကိုဆန့်ကျင်ခြင်းထက် အလိုက်သင့်နေခြင်းက ပို၍အကျိုးရှိနိုင်သည်ဟုယူဆသောကြောင့် ဖြစ်နိုင်သည်ဟုဆိုသည်။ တစ်ဖက်တွင်လည်း ချင်းအမျိုးသမီးတစ်ဦးက ANP ပါတီအနေဖြင့် စစ်ကောင်စီ၏ ကမ်းလှမ်းမှုကို လက်ခံလိုက်သည့်ပုံစံမှာ အမှန်တကယ် ပုဂ္ဂိုလ်ရေးအရလက်ခံသည့် သဘောဆန်သည်ဟုရှုမြင်ကြောင်း ANP အထက်လူကြီးသုံးလေးဦး၏ သဘောတူညီချက်နဲ့သာသွားနေသည့် အနေအထားဖြစ်ကြောင်း မည်သူမဆို စစ်အာဏာရှင်နဲ့ ပူးပေါင်းသူများအားလုံးကို ရှုတ်ချကြောင်းပြောသည်။ ၎င်းကအာဏာရူးများသာ လက်ခံသောအလုပ်ဖြစ်သည်ဟု ပြတ်ပြတ်သားသားဝေဖန်လိုက်သည်။ ရိုဟင်ဂျာတစ်ဦးကလည်း ယခုအချိန်ကာတွင် သူတို့အနေဖြင့် မည်သည့်မှတ်ချက်မှပေးလိုခြင်းမရှိကြောင်း ANP က မဲဆွယ်စည်းရုံးစဉ်တွင် ရိုဟင်ဂျာ (သူတို့ကိုယ်သူတို့ မွတ်စလင်ဟုသုံးနှုန်းသည်) နှင့် ရခိုင်သည် တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဖြစ်ကြောင်း ANP သည် မျှတ၍ တရားဥပဒေစိုးမိုးသော အုပ်ချုပ်မှုစနစ်ဖြင့်သာ အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့အကြိုက်ပြောခဲ့သည်ဟုဆိုသည်။ သို့သော် ယခုအခါ စစ်အာဏာရှင်၏ ကမ်းလှမ်းမှုအပေါ် လက်ခံသူက လက်ခံ၊ လက်မခံသူက ပါတီထဲမှနုတ်ထွက်စသည့် ဖရိုဖရဲအခြေအနေများဖြစ်နေသည့်အတွက် ဘာကိုမှယုံကြည်၍မရကြောင်းပြောသည်။

ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင် လွတ်လာမှုအပေါ်တွင်လည်း အစကတည်းက မဖမ်းသင့်သောသူများကို ဖမ်းထားသည့်အတွက် လွှတ်ပေးရခြင်းအပေါ် ဘာမှပြောစရာမရှိဟု ဖြေဆိုမှုများရှိသလို တစ်ဖက်တွင်လည်း ဒေါက်တာအေးမောင်ကိုလွှတ်ပေးခြင်းက ရိုးသားမှုမရှိနိုင်ကြောင်း အနောက်တွင် သဘောတူညီမှုတစ်ခုခုရှိလို့သာ လွှတ်ပေးလိုက်ခြင်းဖြစ်နိုင်ကြောင်း ဝေဖန်ကြသည်။ တချို့ကလည်း ဒေါက်တာအေးမောင်သည် ရခိုင်ပြည်သူလူထု၏ ခေါင်းဆောင်ဖြစ်သည်။ သူ့ကိုလွှတ်ပေးလိုက်ခြင်းက ရခိုင်ပြည်သူများအတွက် မည်သို့မျှအကျိုးမယုတ်နိုင်ကြောင်း သိရသည်။

## ၂.၄။။ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် AA အပေါ် လူထု၏အမြင်

ဖြေဆိုသူအများစုမှာ ရခိုင့်တပ်မတော် (Arakan Army-AA) ၏ လက်ရှိနိုင်ငံရေးအခင်းအကျင်းအပေါ် ရပ်တည်ချက်မည်သို့ရှိသည်ကို ရှင်းလင်းစွာသိရှိခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဖြေဆိုသူအချို့က AA သည် စစ်အာဏာမသိမ်းမီ တပ်မတော်နှင့် နှစ်ကြိမ်တွေ့ဆုံမှုရှိခဲ့ပြီး ရေရှည်အပစ်ခတ်ရပ်ဆဲရေးကိစ္စနှင့် နယ်မြေသတ်မှတ်ပေးကိစ္စများကို ဆွေးနွေးခဲ့သည်ဟုသာသိထားသည်။ ထင်ရှားသည်မှာ AA စစ်သားများမှာ ယခင်ကထက် လွတ်လပ်စွာသွားလာမှုရှိနေပြီး တပ်မတော်မရှိသည့်နေရာများတွင် AA တပ်များက လုံခြုံရေးပေးထားသည့်ပုံစံရှိနေကြောင်း သိရသည်။

# ၃။ အနာဂတ်ဒီမိုကရေစီ မျှော်မှန်းချက်

ဖြေဆိုသူအများစုက မြန်မာနိုင်ငံအတွက် ဒီမိုကရေစီမှာမျှော်လင့်ချက်ရောင်ခြည်များ ပိုမိုမှေးမှိန်လာသည်ဟု သုံးသပ်ကြသည်။ အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းမှ အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ စစ်အာဏာသိမ်းမှုကို သူမအနေဖြင့် ဒီတစ်ကြိမ်နှင့်ဆိုလျှင် သုံးကြိမ်မြောက်ကြုံတွေ့ရခြင်းဖြစ်ကြောင်းနှင့် အာဏာသိမ်းမှုသည် အနှစ် (၂၀) မှ အနှစ် (၃၀) အထိ ကြာသည့်အတွက် မြန်မာနိုင်ငံသည် ဒီမိုကရေစီကိုရဖို့ အလှမ်းဝေးနေဦးမည်ဟုဆိုသည်။ အလားတူပင် ရခိုင်ပြည်သူတစ်ဦးကလည်း စစ်အာဏာရှင်ကိုလည်း မကြိုက်သလို အရပ်သားအာဏာရှင်ကိုလည်း မကြိုက်ကြောင်း မြန်မာနိုင်ငံတွင် အမှန်ကကယ် ဖက်ဒရယ်ဒီမိုကရေစီရရှိဖို့ဆိုလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ဖျက်ပြီး ပင်လုံစာချုပ်သဘောတူညီချက်အတိုင်း တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ဖက်ဒရယ်ဒီမိုကရေစီကို အကောင်အထည်ဖော်ဆောင်သွားမှသာ လူမျိုးတိုင်းအတွက် အနှစ်သာရပြည့်ဝသော ဒီမိုကရေစီကိုရရှိနိုင်မည်ဖြစ်ကြောင်းပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၏လုပ်ဆောင်မှုကိုသာ စောင့်ကြည့်နေကြောင်းနှင့် ယနေ့အချိန်ထိ CRPH သည် ၂၀၀၈ ခြေ/ဥ ကိုမဖျက်သေးသည့်အတွက် မျှော်လင့်ချက်သိပ်မရှိပါဟုဆိုလိုက်သည်။ ထိုနည်းတူ ရိုဟင်ဂျာအမျိုးသား တစ်ဦးကလည်း "**စစ်တပ်က အာဏာသိမ်းလိုက်မှတော့ သူတို့က ဒီမိုကရေစီကို မလိုချင်လို့ပဲသိမ်းတာလေ ဒီမိုကရေစီဘယ်ရတော့မလဲ။**"ဟုဆိုသည်။ ချင်းအမျိုးသားတစ်ဦးကလည်း စစ်တပ်က အာဏာသိမ်းလိုက်ခြင်းသည် လွန်ခဲ့သော (၁၀) နှစ်ဆီသို့ ပြန်ရောက်သလိုခံစားရသည်ဟုဆိုသည်။ စစ်ကောင်စီက တစ်နှစ်ပြည့်လျှင် ရွေးကောက်ပွဲ ပြန်ကျင်းပပေးမည်ဟုဆိုသော်လည်း ဘာမှယုံကြည်စရာမရှိကြောင်း အနည်းဆုံး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသက် (၈၀) ပြည့်သည့်အထိ စစ်အာဏာရှင်အောက်တွင်သာ နေရတော့မည်ဟုဆိုလိုက်သည်။ သို့သော်လည်း တချို့သာဖြေဆိုသူများက ယနေ့လူငယ်များသည် ၁၉၈၈ ခုနှစ်က လူငယ်များထက် သာလွန်ကြောင်းနှင့် လူငယ်များက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး တစ်ချိန်တွင် စစ်အာဏာရှင စနစ်ကို အမြစ်ပြတ်တိုက်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ထိုအခါ ဒီမိုကရေစီသည် မြန်မာနိုင်ငံတွင် ၂၀၂၀ အရှေ့ပိုင်းထက်သာလွန်သော အခြေအနေထိပင် ဖြစ်ထွန်းလာနိုင်ကြောင်း သုံးသပ်ပြောဆိုကြသည်။ အများစုမှာ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီကို ခန့်မှန်းရန် အလွန်ခက်ခဲသေးကြောင်းနှင့် CRPH သည်လည်း အားရကျေနပ်ဖွယ်မရှိသေးသည့်အတွက် ပို၍ပင်ခန့်မှန်းရခက်ကြောင်း သုံးသပ်ကြသည်။

# ၄။ နိဂုံးချုပ်

ဤလေ့လာဆန်းစစ်ချက်အရ ရခိုင်ပြည်သူများနှင့် ပလက်ဝပြည်သူများသည် စစ်အာဏာသိမ်းမှုကို အခြားဒေသရှိ ပြည်သူများနည်းတူ မလိုလားသည်ကို ထင်ရှားစွာတွေ့မြင်ရသည်။ အများစုသော ရခိုင်ပြည်သူလူထုအနေဖြင့် NLD အရပ်သားအစိုးရလက်ထက်တွင်လည်း စစ်အာဏာရှင်နှင့်ကွာခြားသော အုပ်ချုပ်မှုမျိုးကိုမရခဲ့သည့်အတွက် ယခု မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းမှာ အာဏာရှင်နှစ်ဦးကြား အာဏာလုသည့်ပုံစံဖြင့်သာ ရှုမြင်နေကြပြီး မည်သူ့ဘက်မှ မရပ်တည်ပဲ အခြေအနေကို စောင့်ကြည့်နေသည့် ပုံစံရှိသည်။ အနည်းစုသော ရခိုင်လူထုမှာ စစ်အာဏာရှင်ကို ဆန့်ကျင်ကြောင်း ဆန္ဒပြလိုသော်လည်း လုံခြုံရေးအရ ဆန္ဒဖော်ထုတ်နိုင်သည့် အနေအထားမရှိသည်ကို တွေ့မြင်ရပါသည်။ ပလက်ဝပြည်သူများမှာမူ စစ်အာဏာရှင်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး NLD ကိုထောက်ခံလိုသည့် အနေအထားတွင်ရှိသော်လည်း ၎င်းတို့၏ အိမ်နီးနားချင်း ရခိုင်များက ၎င်းတို့နှင့် သဘောထားဆန္ဒတူညီမှုမရှိခြင်းကြောင့် မလိုလားအပ်သော လူမျိုးရေးပြဿနာများကို ရှောင်လိုသဖြင့် မည်သည့်ဆန္ဒထုတ်ဖော်မှုမှမလုပ်ဘဲ အခြေအနေလိုက်လျောညီထွေဖြစ်အောင်နေသည့်အနေအထားတွင် ရှိနေသည်။ ထို့အပြင် စစ်တပ်မှအာဏာသိမ်းပြီးနောက်ပိုင်းတွင် ဒေသခံများ ဆန္ဒထုတ်ဖော်မှုများမလုပ်နိုင်အောင် မြန်မာတပ်မတော်မှ သွယ်ဝိုက်ခြိမ်းခြောက်မှုများလည်းရှိကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ရခိုင်ပြည်နယ်ရှိပြည်သူများမှာ အများထင်သလို စစ်ကောင်စီ၏ မျက်နှာသာပေးမှုကို ရနေခြင်းမျိုးမဟုတ်ကြောင်းလည်း နားလည်သိရှိရသည်။ ရခိုင်ပြည်သူများနှင့် ပလက်ဝပြည်သူများမှာ ယခုလက်ရှိ နိုင်ငံရေးအကြပ်အတည်းကို ၂၀၀၈ အခြေခံဥပဒေကို ပယ်ဖျက်ပြီး တိုင်းရင်းသားပေါင်းစုံပါဝင်သော ကြားဖြတ်အစိုးရဖွဲ့နိုင်ခြင်းဖြင့် အဖြေရှာမှသာရမည်ဟု တချို့နိုင်ငံရေးအသိအမြင်ရှိသူများက ထောက်ပြကြသည်။ ထို့နောက် ၂၁ ရာစုပင်လုံညီလာခံစာချုပ်ပါအတိုင်း ဖက်ဒရယ်ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည်ဟု ဆိုကြသည်။ **အချုပ်အားဖြင့်ဆိုရလျှင် ရခိုင်ပြည်သူလူထုနှင့် ပလက်ဝဒေသရှိပြည်သူလူထုတို့အနေဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုများကိုမပြုလုပ်ခြင်းကို စစ်အာဏာရှင်ကိုလက်ခံခြင်း၊ ကြားနေမှုဝါဒကျင့်သုံးနေခြင်းဟု မှတ်ယူ၍မရပါကြောင်း ဤ လေ့လာဆန်းစစ်မှုအရ ထင်ရှားစွာတွေ့ရှိရသည်။**